ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၉) ၂၀၂၄ ခုနှစ် မတ်လ ၁ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊နည်းဥပဒေနှင့်အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ။ | ၂-၄ |
| ၂။ | အရန်တပ်ဖွဲ့ဥပဒေ အကြောင်းသိကောင်းစရာ။ | ၅-၇ |
| ၃။ | ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုလက်မှတ်နှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ သတ်မှတ်ချက်များ နှင့် စပ်လျဉ်း၍ သိကောင်းစရာ။ | ၈-၉ |
| ၄။ | စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၂၀၃၀ လုပ်ငန်းစဉ်။ | ၁၀-၁၂ |
| ၅။ | ထိုင်းနိုင်ငံရှိ အာမခံစာချုပ်စည်းမျဉ်းများအား ဖြေလျှော့ခြင်း နှင့် စပ်လျဉ်း၍ လေ့လာတင်ပြခြင်း။ | ၁၃-၁၆ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၉) ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေဘာသာပြန်ဌာနခွဲ (Legal Translation Division) က အင်္ဂလိပ်ဘာသာပြန်ဆိုထားသော The Fourth Amendment of the Ward or Village- Tract Administration Law နှင့် The Law Amending the Law for Protection of Personal Privacy and Personal Security of Citizens ဥပဒေ ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က ထုတ်ပြန်သည့် မြန်မာနိုင်ငံတွင် သုံးစွဲရန် တားမြစ်ပိတ်ပင်သည့် ပိုးသတ်ဆေးများ စာရင်းပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့က ထုတ်ပြန်သည့် ဒေသဆိုင်ရာမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ အဆင့်ဆင့် ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကထုတ်ပြန်သည့် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေများကိုပြင်ဆင်သည့်နည်းဥပဒေများ တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက (၁၉.၂.၂၀၂၄)ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၄) ဖြင့် ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများကိုထုတ်ပြန်ခဲ့ပါသည်။ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေများ နည်းဥပဒေ ၂ နည်းဥပဒေခွဲ(ည)ကို “ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသောဧရိယာ ဆိုသည်မှာ ရှေးဟောင်း အဆောက်အအုံ၏ သတ်မှတ်ထားသော ပရဝဏ်မှ ပေ ၁၂၀ အတွင်းရှိသော မြေနယ်နိမိတ်အဝန်းအဝိုင်းကို ဆိုသည်။”ဟု ပြဋ္ဌာန်းထားပြီး ယခုအခါ “ရှေးဟောင်းအဆောက်အအုံ၏သတ်မှတ်ထားသောဧရိယာ ဆိုသည်မှာ ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်

ထားသော ပရဝဏ်မှ ပေ ၁၂၀ အတွင်းရှိသော မြေနယ်နိမိတ်အဝန်းအဝိုင်းကို လည်းကောင်း၊ ရေးဟောင်းအဆောက်အအုံသည် မြို့ပြနှင့်ကျေးရွာအတွင်းရှိ လူနေအဆောက်အအုံများအကြားတွင်ဖြစ်ပါက ယင်းရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ပရဝဏ်မှ ပေ ၃၀ အတွင်းရှိသော မြေနယ်နိမိတ်အဝန်းအဝိုင်းကိုလည်းကောင်း၊ ရှေးဟောင်းအဆောက်အအုံ၏ ဘေးပတ်လည်တွင် သတ်မှတ်ဧရိယာပြည့်မီသည့်မြေပို၊မြေလွတ်မရှိပါက ယင်းရှေးဟောင်းအဆောက်အအုံတည်ရှိသည့် မြေနယ်နိမိတ်အဝန်းအဝိုင်းကိုလည်းကောင်း ဆိုသည်။”ဟု ပြင်ဆင်ပြဋ္ဌာန်းထားပါသည်။

ထို့ပြင်ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးနည်းဥပဒေများ နည်းဥပဒေ ၂၂ နည်းဥပဒေခွဲ (က) ၌ “တိုးချဲ့မည့်နေရာသည် ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ပရဝဏ်အဆုံးမှ ပေ ၁၂၀ ကွာဝေးခြင်း ရှိ မရှိ၊” ဆိုသည့်စကားရပ်ကို “တိုးချဲ့မည့်နေရာသည် ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသောဧရိယာအတွင်း ကျရောက်ခြင်း ရှိ မရှိ၊” ဟု အစားထိုး ပြင်ဆင် ပြဋ္ဌာန်းထားပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏တင်ပြချက်အရ ရှေးဟောင်းအဆောက်အအုံတည်ရှိသည်ဟု ပေါ်ပေါက်သော မြေသို့မဟုတ် ထိုမြေ၏တစ်စိတ်တစ်ဒေသကို တည်ဆဲဥပဒေနှင့်အညီ ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့တို့နှင့်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသည် ရှေးဟောင်းအဆောက်အအုံများအတွင်းတွင် နိုင်ငံတော်အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ရန် အကြောင်းပေါ်ပေါက်လျှင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး နည်းဥပဒေတွင် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းခြင်း၊ ပညာရှင်အဖွဲ့နှင့်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း

ခြင်း၊ ရှေးဟောင်းအဆောက်အအုံကိုစစ်ဆေးခြင်း၊ ကာလတန်ဖိုး၊ ထပ်ဆောင်းတန်ဖိုးတွက်ချက်ခြင်းနှင့် ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားသော ရှေးဟောင်းအဆောက်အအုံသတ်မှတ်ခြင်း၊ ရှေးဟောင်းအဆောက်အအုံတွေ့ရှိကြောင်း သတင်းပို့ခြင်း၊ ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်း၊ ကြိုတင်ခွင့်ပြုချက်ရရှိသူ သို့မဟုတ် ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းခွင့် လက်မှတ်ရရှိသူ၏ တာဝန်များနှင့် ရှေးဟောင်းအဆောက်အအုံတည်ရှိသောမြေကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည်တို့ကို အကျယ်တဝင့် ပြဋ္ဌာန်းထားပြီး MLIS Website တွင် လွှင့်တင်ထားသောကြောင့် ဝင်ရောက်လေ့လာဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## အရန်တပ်ဖွဲ့ဥပဒေအကြောင်းသိကောင်းစရာ

အရန်တပ်ဖွဲ့ဥပဒေအာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်းကို ၁၃-၂-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၂၄ ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ခဲ့ပါသည်။ ယင်းအမိန့်ကြော်ငြာစာတွင် "၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂၈/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော အရန်တပ်ဖွဲ့ဥပဒေသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ စတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်သည်" ဟု ဖော်ပြပါရှိပါသည်။

အရန်တပ်ဖွဲ့ဥပဒေတွင် အခန်း (၄) ခန်းနှင့် ပုဒ်မပေါင်း (၁၃) ခုပါရှိပြီး ယင်းဥပဒေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာရမည်ဖြစ်ကြောင်း ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ ပြဋ္ဌာန်းထားသောကြောင့် ၁၃-၂-၂၀၂၄ ရက်စွဲပါအမိန့်ကြော်ငြာစာအရ ၎င်းနေ့မှာပင် စတင်အာဏာတည် အသက်ဝင်ခဲ့ပြီးဖြစ်ပါသည်။

ပုဒ်မ ၂ တွင် "စစ်မှုထမ်းတစ်ဦးသည် စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့် သို့မဟုတ် အငြိမ်းစားယူခွင့်ရရှိသည့် နေ့ရက်မှစ၍ ၄ါးနှစ်အထိ အရန်တပ်ဖွဲ့တွင် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်" ဖော်ပြပါရှိပါသည်။ "တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်မှုထမ်းခြင်းမှ မိမိဆန္ဒအလျောက် နုတ်ထွက်သော သို့မဟုတ် အငြိမ်းစားယူသော စစ်မှုထမ်း တစ်ဦးအား အရန်တပ်ဖွဲ့အဖြစ် ခန့်အပ်နိုင်သည်" ဟု ပုဒ်မ ၃ တွင် ဖော်ပြပါရှိပြီး ပုဒ်မ ၄ တွင် "တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် လေ့ကျင့်ရေးအတွက်ဖြစ်စေ၊ အရေးပေါ်အခြေအနေများအတွက်ဖြစ်စေ၊ စစ်မှုထမ်းဆောင်ရန် ဆင့်ခေါ်ခြင်းခံရသော ပုဒ်မ ၂ ပါ စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသူအား တပ်မတော်၌ တာဝန်

ထမ်းဆောင်စဉ်က ခွင့်ပြုခဲ့သောနောက်ဆုံးအဆင့်နှင့်စစ်ဝတ်စုံတို့ကို သုံးစွဲခွင့်ပြုနိုင်သည်”ဟု ဖော်ပြထားပါသည်။

ယင်းဥပဒေပုဒ်မ ၅ တွင် “အရန်တပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရန်တပ်ဖွဲ့ဝင်တစ်ဦး၏ တာဝန်ထမ်းဆောင်မှုအပေါ် မူတည်၍ ယင်း၏ရာထူးနှင့်အဆင့်ကိုတိုးမြှင့်ခြင်း သို့မဟုတ် လျှော့ချခြင်းပြုနိုင်သည်”ဟု ဖော်ပြပါရှိပြီး “အရန်တပ်ဖွဲ့ဝင်တစ်ဦးသည် တပ်မတော်မှရရှိသော အငြိမ်းစားလစာအပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သတ်မှတ်သော အကျိုးခံစားခွင့်များကိုလည်း ခံစားနိုင်သည်”ဟု ပုဒ်မ ၆ တွင်ပါရှိပါသည်။ ယင်းဥပဒေပုဒ်မ ၇ တွင် “တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရန်တပ်ဖွဲ့ဝင်တစ်ဦးအား နိုင်ငံတော်အကျိုးငှာ ဆက်လက် တာဝန်ပေးအပ်ရန် လိုအပ်လျှင် ပုဒ်မ ၂ ပါ ကာလထက်ကျော်လွန်၍ တာဝန်ပေးအပ်နိုင်သည်” ဟု ဖော်ပြပါရှိပါသည်။

ပြစ်မှုနှင့်ပြစ်ဒဏ်များအဖြစ် ယင်းဥပဒေပုဒ်မ ၈ တွင် “အခွင့်ရ စစ်ဘက်အာဏာပိုင်က လေ့ကျင့်ရေးအတွက်ဖြစ်စေ၊ အရေးပေါ်အခြေအနေများအတွက် ဖြစ်စေ၊ စစ်မှုထမ်းဆောင်ရန် ဆင့်ခေါ်ခြင်းခံရသော ပုဒ်မ ၂ ပါ စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသူသည် သတ်မှတ်ထားသော နေရာသို့ သတ်မှတ်ထားသော အချိန်အတွင်း သတင်းပို့ရမည်” ဟု ဖော်ပြထားပြီး “ပုဒ်မ ၈ အရ သတင်းပို့ရန် တာဝန်ရှိသူသည် သတ်မှတ်ထားသော နေရာသို့ သတ်မှတ်ထားသော အချိန်အတွင်း လုံလောက်သော အကြောင်းပြချက်မရှိဘဲ သတင်းပို့ရန် ပျက်ကွက်ကြောင်း တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်”ဟု ပုဒ်မ ၉ တွင် ဖော်ပြပါရှိပါသည်။

ယင်းဥပဒေပုဒ်မ ၁၁ တွင် “အရန်တပ်ဖွဲ့ဝင်တစ်ဦးသည် ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေကို လိုက်ရမည်” ဟု ဖော်ပြထားပြီး “ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံး

လုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်” ဟု ပုဒ်မ ၁၂ တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://myanmar.gov.mm/news-media/announcements/-/

## ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုလက်မှတ်နှင့် တတ်ကျွမ်းမှု လက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ သိကောင်းစရာ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားသော ၁၉၇၈ ခုနှစ်၊ သင်္ဘောဝန်ထမ်းများ လေ့ကျင့်သင်တန်းပေးခြင်း၊ လက်မှတ်ထုတ်ပေးခြင်းနှင့် တာဝန်ထမ်းဆောင်ခြင်းတို့အတွက် စံနှုန်းသတ်မှတ်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ယင်း၏ ပြင်ဆင်ချက်များ (Standards of Training, Certification and Watchkeeping for Seafarers (STCW) Convention and as amended) နှင့် သင်္ဘောဝန်ထမ်းများ လေ့ကျင့်သင်တန်းပေးခြင်း၊ လက်မှတ်ထုတ်ပေးခြင်းနှင့်တာဝန်ထမ်းဆောင်ခြင်းတို့အတွက် စံနှုန်းသတ်မှတ်သည့်ကုဒ်နှင့်ယင်း၏ ပြင်ဆင်ချက်များ (STCW Code and as amended)ပါ လေ့ကျင့်သင်ကြားခြင်း၊ အကဲဖြတ်ခြင်း၊ စာမေးပွဲစစ်ဆေးခြင်းများနှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကို နိုင်ငံတော်အတွင်း လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန် အမိန့်ကြော်ငြာစာအမှတ် ၁၀၈/၂၀၁၂နှင့် ယင်း၏ပြင်ဆင်ချက် အမိန့်ကြော်ငြာစာအမှတ် ၃၂၇/၂၀၂၂ တို့ဖြင့် နည်းဥပဒေများထုတ်ပြန်၍ သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ IMO သို့ ပေးပို့ခဲ့သည့် STCW Independent Evaluation Report of Myanmar ပါ ဥပဒေပြဋ္ဌာန်းချက် တွင် STCW Convention ၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အာဏာသက်ဝင်မည့် ပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ STCW Convention အရ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုလက်မှတ်နှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးရာတွင် လုပ်ငန်းတာဝန် များ၊ လုပ်ဆောင်မှုအဆင့်များနှင့်လက်ရှိရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးလျက်ရှိသည့်လက်မှတ်ပုံစံများပါ ထည့်သွင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၉၄-ခ၊ ပုဒ်မခွဲ(ခ)နှင့် ရေယာဉ်မှူး၊အရာရှိများနှင့် သင်္ဘောသားများ၏ကျွမ်းကျင်မှုနှင့်တတ်ကျွမ်းမှု လက်မှတ်

များထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂၅ နှင့် နည်းဥပဒေ ၂၆ တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရေယာဉ်မှူး၊အရာရှိများနှင့် သင်္ဘောသားများ၏ကျွမ်းကျင်မှုလက်မှတ်နှင့်တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ သတ်မှတ်ချက်များ အမိန့်ကြော်ငြာစာကို ၁၄-၂-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းကဲ့သို့ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုလက်မှတ်နှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ သတ်မှတ်ချက်များ အမိန့်ကြော်ငြာစာထုတ်ပြန်ဆောင်ရွက်ခြင်းဖြင့် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ကျွမ်းကျင်မှုလက်မှတ်နှင့် တတ်ကျွမ်းမှုလက်မှတ်များသည် STCW White List စာရင်းတွင် ဆက်လက်ရပ်တည်နိုင်ရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်:　ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၉) ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက်

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၂၀၃၀ လုပ်ငန်းစဉ်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် ကုလသမဂ္ဂအထွေထွေညီလာခံသည် ၂၀၁၅ ခုနှစ် နောက်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို စတင်ဆွေးနွေးခဲ့ကြပြီး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ပြုလုပ်ခဲ့သော ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညီလာခံတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၂၀၃၀ လုပ်ငန်းစဉ် (2030 Agenda for Sustainable Development) ကို အောက်ပါရည်မှန်းချက်(၁၇)ချက်ဖြင့် ချမှတ်ခဲ့ပါသည်။ အဆိုပါရည်မှန်းချက် (၁၇) ချက်မှာ-

(၁) နေရာတိုင်းတွင် ဆင်းရဲနွမ်းပါးမှုပုံစံအမျိုးမျိုး အဆုံးသတ်ရေး၊

(၂) ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အာဟာရပြည့်ဝရေး နှင့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊

(၃) အသက်အရွယ်မရွေး လူတိုင်းစေ့ကျန်းမာရေးနှင့် သာယာဝပြောရေး၊

(၄) အရည်အသွေးပြည့်ဝသည့်ပညာရေးကို အားလုံးသာတူညီမျှရရှိရေးနှင့် အားလုံးအတွက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းများကို မြှင့်တင်ပေးရေး၊

(၅) ကျား/မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအားလုံး လုပ်ပိုင်ခွင့်ရရှိရေး၊

(၆) လူသားတိုင်းအတွက် သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုဆောင်ရွက်ရေး၊

(၇) လူသားတိုင်းအတွက် လက်လှမ်းမီသော၊ စိတ်ချရသော၊ ရေရှည်တည်တံ့ ခိုင်မြဲသော၊ ခေတ်မီစွမ်းအင်ရရှိရေး၊

(၈) စဉ်ဆက်မပြတ်ဖြစ်ထွန်းပြီး အားလုံးအကျုံးဝင်သောရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊ အားလုံးအတွက် ပြည့်စုံပြီး အကျိုးဖြစ်ထွန်းသော အလုပ်အကိုင် နှင့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ရရှိစေရေး၊

(၉) ကြံ့ခိုင်သောအခြေခံအဆောက်အဦများ တည်ဆောက်ရေး၊ အားလုံးအကျုံးဝင် ပြီး ရေရှည်တည်တံ့သည့် စက်မှုလုပ်ငန်းထူထောင်ရေးနှင့် ဆန်းသစ်တီထွင်မှု များကို အားပေးမြှင့်တင်ရေး၊

(၁၀) နိုင်ငံအတွင်းနှင့်နိုင်ငံများအကြား မညီမျှမှု လျှော့ချရေး၊

(၁၁) အားလုံးအကျုံးဝင်သော၊ ဘေးကင်းလုံခြုံမှုရှိသော၊ ကြံ့ခိုင်မှုရှိသော၊ ရေရှည်တည်တံ့နိုင်သော မြို့ပြများနှင့် လူနေရပ်ကွက်များ ထူထောင်ရေး၊

(၁၂) ရေရှည်စားသုံးမှုနှင့် ထုတ်လုပ်မှုပုံစံများ ဖြစ်ပေါ်စေရေး၊

(၁၃) ရာသီဥတုပြောင်းလဲမှုများနှင့်၎င်း၏အကျိုးသက်ရောက်မှုများလျော့ပါးစေရေးအတွက် အရေးကြီးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး၊

(၁၄) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ပင်လယ်၊ သမုဒ္ဒရာနှင့် ရေအရင်းအမြစ် များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရေရှည်တည်တံ့အောင် အသုံးပြုရေး၊

(၁၅) ကမ္ဘာလုံးဆိုင်ရာ ကုန်းနေဂေဟစနစ်အား ကာကွယ်ထိန်းသိမ်းပြီး ရေရှည်တည်တံ့အောင် အသုံးပြုရေး၊ သစ်တောများကို ရေရှည်တည်တံ့စေရန် စီမံ ခန့်ခွဲရေးနှင့် သဲကန္တာရများ ဖြစ်ထွန်းမှု ပပျောက်စေရေး၊ မြေယာယိုယွင်း ပျက်စီးမှု ရပ်တန့်စေရေး နှင့် ဇီဝမျိုးစုံကွဲများ ပြုန်းတီးမှုကို ရပ်တန့်စေရေး၊

(၁၆) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော လူ့အဖွဲ့အစည်းများ ဖြစ်ပေါ်တိုးတက်ရေး၊ အားလုံးအတွက် တရားမျှတမှုရရှိ စေရေးနှင့် အဆင့်တိုင်း၌ ထိရောက်မှုနှင့်တာဝန်ခံမှုရှိပြီး အားလုံးပါဝင်သော အဖွဲ့အစည်းများ ထူထောင်ရေး၊

(၁၇) အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာနည်းလမ်းများ ခိုင်မာအားကောင်းစေရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု များ ရှင်သန်အားကောင်းစေရေး တို့ဖြစ်ပါသည်။

ယခုအခါ နှစ်စဉ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်နိုင်ငံရေးဖိုရမ် သည် ယင်းရည်မှန်းချက်များကို လိုက်နာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းပြုရန်အတွက် အဓိက ကျသော ကုလသမဂ္ဂဆွေးနွေးပွဲအနေဖြင့် ဆောင်ရွက်ပါသည်။ ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဌာနရှိ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာရည်မှန်းချက်များဌာနခွဲ (Division for Sustainable Development Goals-DSDG) သည် 2030 Agenda အကောင် အထည်ဖော်ရာတွင် အရေးပါသော အခန်းကဏ္ဍတွင်ပါဝင်နေပြီး ထိရောက်သော ပံ့ပိုးမှုနှင့် စွမ်းဆောင်ရည် မြှင့်တင်မှုများကို စီစဉ် ပေးလျက်ရှိပါသည်။ ကမ္ဘာလုံးဆိုင်ရာ တိုင်းတာရေးမှုဘောင်၊ နိုင်ငံအလိုက်စာရင်းအင်းစနစ်များမှ ထုတ်ပေးသည့်အချက်အလက်များနှင့်ဒေသဆိုင်ရာအဆင့်မှစုစည်းထားသောသတင်းအချက်အလက် တို့ကို အခြေခံ၍ နှစ်စဉ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က နှစ်စဉ်တင်ပြပါသည်။ ထို့ပြင် အထွေထွေအတွင်းရေးမှူးချုပ်မှ ခန့်အပ်ထားသည့် လွတ်လပ်သော သိပ္ပံပညာရှင်များအဖွဲ့မှ ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာကို လေးနှစ်လျှင် တစ်ကြိမ် ထုတ်ပြန်လျက်ရှိကြောင်းသိရသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source - https://sdgs.un.org/goals

## ထိုင်းနိုင်ငံရှိ အာမခံစာချုပ်စည်းမျဉ်းများအား ဖြေလျော့ခြင်း နှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

ထိုင်းနိုင်ငံရှိ အာမခံစာချုပ်ဈေးကွက်သည် ၂၀၂၃ ခုနှစ် တတိယလေးလပတ်ကာလအကုန်တွင် ထိုင်းဘတ်ငွေ ၁၆.၇ ထရီလီယံထိမြင့်တက်လျက်ရှိပြီး ဆက်လက်တိုးတက်မှုရှိနေခြင်းကြောင့် ထိုင်းနိုင်ငံ၏ ငွေကြေးဈေးကွက်နှင့် စီးပွားရေးအတွက် အရေးပါသည့်ယန္တရားတစ်ခုဖြစ်ပါသည်။ အာမခံစာချုပ်ရောင်းဝယ်ခြင်းတွင် ဥပဒေဆိုင်ရာကန့်သတ်ချက်များအားဖြေလျော့ပါက အသားတင်ဈေးကွက်တန်ဖိုးသည် တစ်နှစ်လျှင် ထိုင်းဘတ်ငွေ ၃၈၆ မီလီယံ ထိမြင့်တက်နိုင်ပါ သည်။

အာမခံစာချုပ်သည် ရင်းနှီးမြှုပ်နှံမှုကြီးမားသည့် စီမံကိန်းများအတွက် ရံပုံငွေမြှင့်တင်ရာတွင် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများအတွက် အဓိကကျသည့်စာချုပ်များဖြစ်သည့်အပြင် ငွေချေးသက်သေခံလက်မှတ်များအရောင်းအဝယ်ပြုလုပ်သည့် ရင်းနှီးမြှုပ်နှံသူများအတွက် သာမက အမေရိကန်ဒေါ်လာ ၁ မီလီလျံအထက်ရှိ ငွေသားများ သို့မဟုတ် ငွေသား အဖြစ် ပြောင်းလဲလွယ်သည့် အာမခံစာချုပ်များ သို့မဟုတ် အစုရှယ်ယာပိုင်ဆိုင်သူများ ( High Net Worth -HNW) နှင့် အမေရိကန်ဒေါ်လာ ၃၀ မီလီလျံနှင့်အထက်ရှိ အာမခံစာချုပ်များ သို့မဟုတ် အစုရှယ်ယာပိုင်ဆိုင်သူများ Ultra High Net Worth – UHNW နှင့်ငွေချေးသက်သေခံလက်မှတ်များနှင့် လဲလှယ်ခြင်းကော်မရှင်( Securities and Exchange Commission-SEC)က သတ်မှတ်သည့် အဖွဲ့အစည်းဆိုင်ရာရင်းနှီးမြှုပ်နှံသူများအပါအဝင် ရင်းနှီးမြှုပ်နှံသူများအတွက် အဓိကကျပါသည်။

သို့ရာတွင် ထိုင်းနိုင်ငံ၏ ငွေကြေးဈေးကွက်ကြီးကြပ်မှု ဘုတ်အဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၅၆၅ အရ အာမခံစာချုပ်များအရောင်းအဝယ်ပြုလုပ်ရာတွင် ကုမ္ပဏီကထုတ်ပေးသည့် ငွေချေးသက်သေခံလက်မှတ်အား အရောင်းအဝယ်ပြုလုပ်သည့် မူလဈေးကွက်ထက် အခြားရင်းနှီးမြှုပ်နှံသူနှင့်ကုန်သည်များအကြား အရောင်းအဝယ်ပြုသည့် တစ်ဆင့်ခံဈေးကွက်တွင် ကန့်သတ်ချက်များရှိနေပါသည်။ SEC ကထုတ်ပြန်သည့် ယင်းကြေငြာချက်သည် အဆင့်ဆင့်ဆက်ခံဆောင်ရွက်ခြင်းမှလွဲ၍ ရင်းနှီးမြှုပ်နှံသူ အမျိုးအစားများအပေါ်အခြေခံ၍ ကုန်သွယ်မှုအားကန့်သတ်ခြင်းဖြစ်ပါသည်။ ဥပမာ -

အာမခံစာချုပ်များအားစတင်ထုတ်သည့် မူလဈေးကွက်တွင် အဖွဲ့အစည်းဆိုင်ရာရင်းနှီးမြှုပ်နှံသူကိုသာ လျှင် ကနဦးကမ်းလှမ်းခြင်းဖြစ်ပါက တဆင့်ခံဈေးကွက်ရှိ အစုရှယ်ယာပိုင်ဆိုင်သူများ ( High Net Worth -HNW) နှင့် Ultra High Net Worth – UHNW တို့ကဲ့သို့သော အခြားရင်းနှီးမြှုပ်နှံသူများနှင့် အရောင်းအဝယ် မပြုလုပ်နိုင်ခြင်းဖြစ်ပါသည်။ အဆိုပါကန့်သတ်ချက်သည် အာမခံစာချုပ်ထုတ်ပေးသူ အား အရည်အချင်းမပြည့်မီသည့် ရင်းနှီးမြှုပ်နှံသူများသို့ အာမခံစာချုပ်များ ရောင်းချခြင်းမှ ကာကွယ် ပေးရန် ရည်ရွယ်ပါသည်။

အချို့နိုင်ငံများ၌ ကန့်သတ်ချက်များမရှိဘဲ မူလဈေးကွက်တွင်ငွေချေးသက်သေခံ လက်မှတ် များ အရောင်းအဝယ်ပြုလုပ်သည့်ရင်းနှီးမြှုပ်နှံသူများက တစ်ဆင့်ခံဈေးကွက်တွင် အရောင်းအဝယ် ပြုလုပ်ရန်ကမ်းလှမ်းခြင်းအား ခွင့်ပြုပါသည်။

စင်ကာပူနိုင်ငံ၏ ငွေရေးကြေးရေးအာဏာပိုင်များက မူလဈေးကွက်ရှိ အဖွဲ့အစည်း ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများသာမက ငွေချေးသက်သေခံလက်မှတ်များ အရောင်းအဝယ်ပြုလုပ်သည့် ရင်းနှီး မြှုပ်နှံသူများအား အချို့သော အာမခံစာချုပ်များ ရောင်းချခြင်းကိုခွင့်ပြုသည့် Bond Seasoning Framework ကိုချမှတ်ခဲ့ပါသည်။ အဆိုပါ Framework သည် ရင်းနှီးမြှုပ်နှံနိုင်သည့် ကုမ္ပဏီအာမခံ များကိုရရှိနိုင်စေရန်နှင့် အာမခံစာချုပ်ထုတ်ပေးသူများမှ ငွေချေးသက်သေခံလက်မှတ်များ အရောင်း အဝယ်ပြုလုပ်သည့် ရင်းနှီးမြှုပ်နှံသူများနှင့် ကုန်သွယ်မှုများပြုလုပ်နိုင်စေရန် ရည်ရွယ်ပါသည်။

ထိုင်းနိုင်ငံနှင့်စင်ကာပူနိုင်ငံအကြား အာမခံစာချုပ်အရောင်းအဝယ်ပြုလုပ်ခြင်း နှင့် ရင်းနှီးမြှုပ်နှံ သူများအကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့်လမ်းညွှန်ချက်များမှာ ခြားနားချက်များရှိပြီး အာဏာပိုင် များက အခြားနိုင်ငံများ၏စည်းမျဉ်းများနှင့် ထိုင်းနိုင်ငံ၏အာမခံစာချုပ်ဈေးကွက်နှင့်စပ်လျဉ်း၍ မိုငြမ်း မည်ဆိုပါက သတိပြုရမည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် အဆိုပါပြဿနာအားဖြေရှင်းနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများပိုမို ယုံကြည်မှုရှိ စေရန်အလို့ငှာ Bond Seasoning Project ကို မိတ်ဆက်ပေးသင့်ပြီး ယင်းအစီအစဉ်သည် မူလဈေးကွက်

ရှိအဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများသို့ အာမခံစာချုပ်များအား ထုတ်ပေးရန်နှင့် တစ်ဆင့်ခံဈေးကွက်ရှိ High Net Worth -HNW နှင့် Ultra High Net Worth – UHNW တို့ထံသို့ ရောင်းချခြင်းကို ခွင့်ပြုပေးရန်အတွက်ဖြစ်ပါသည်။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (Securities and Exchange Commission- SEC)အနေဖြင့် အာမခံစာချုပ်ထုတ်ပေးသူ၏ အရည်အချင်းသတ်မှတ်ချက်များ၊ အာမခံစာချုပ်အမျိုးအစားများနှင့် ပူးပေါင်းပါဝင်နိုင်သည့်အခြေအနေများစသည့် ကဏ္ဍ(၃)ရပ်တွင် ထပ်မံ၍ မူများ ချမှတ်နိုင်မည်ဖြစ်ပါသည်။

မြန်မာအစိုးရသည် Treasury Bonds (T-bonds) များကို ၁၉၉၃ ခုနှစ်တွင် စတင်ထုတ်ပေးခဲ့ပါသည်။ ယင်းတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM)မှ တိုက်ရိုက်ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အစိုးရနှင့်ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများထံသို့ တိုက်ရိုက်ထုတ်ပေးခဲ့ပါသည်။

ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ(SEL)ကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ငွေချေးသက်သေခံလက်မှတ်ဈေးကွက်အတွက် ဥပဒေမူဘောင်များ ချမှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင်မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် Securities and Exchange Commission of Myanmar (SECM) နှင့် ရန်ကုန်စတော့ အိတ်ချိန်း (YSX)တို့ကို ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။ ထိုအချိန်တွင် သတ်မှတ်ထားသော ကော်ပိုရိတ်အာမခံစာချုပ်ဈေးကွက်မရှိသေးသော်လည်း၊ ငွေချေးသက်သေခံစာချုပ်ဈေးကွက်ကို ထပ်မံ သတ်မှတ်ရန်၊ စုစည်းရန်နှင့် အကောင်အထည်ဖော်ရန် ကြိုးပမ်းမှုများ လုပ်ဆောင်ခဲ့ပါသည်။

Yangon Stock Exchange (YSX) ကို First Myanmar Investment Co.,Ltd ၏အစုရှယ်ယာများနှင့်အတူ ၂၀၁၅ ခုနှစ်ဒီဇင်ဘာလ ၉ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ မတ်လတွင် စတင်အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ SECM သည် စည်းမျဉ်းများ၊

အမိန့်ကြော်ငြာစာများမှတစ်ဆင့် စွမ်းဆောင်ရည်တိုးတက်ရန် ကြိုးပမ်းမှုများ နှင့် ငွေချေးစာချုပ်ဈေးကွက်ဆီသို့ ဦးတည်ခဲ့ပါသည်။

ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၏လုပ်ငန်း တာဝန်များကို ထိန်းညှိနိုင်ရန်အတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေကို ၂၀၁၆ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပါသည်။ ကော်ပိုရိတ်ချေးငွေစာချုပ်များကောင်းစွာ မထူထောင်ရသေးသော်လည်း မြန်မာနိုင်ငံ၏ဘဏ္ဍာရေးကဏ္ဍတွင် ဆက်လက်တိုးတက်နေပြီး ၎င်း၏အရင်းအနှီးဈေးကွက်များနောင်တွင် ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန် ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကျမ်းကိုးစာရင်း**

Bangkok Post: Time to ease Thai bond market rule

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

